ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၅)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၁၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည် -

### ရည်ရွယ်ချက်

၁။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်များကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများနှင့်အညီ စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ဤလုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်ရခြင်းဖြစ်ပါသည်။

### လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်များ

၂။ လုပ်ငန်းစဉ်အဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားသူက အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (Myanmar Companies Online - MyCO) သို့ ပုံစံ-တ-၀၁(P-01) ဖြင့် တင်ပြလျှောက်ထားခြင်း၊

(ခ) မှတ်ပုံတင်အရာရှိက တင်ပြလာသည့် လျှောက်ထားလွှာများကို စိစစ်ခြင်း၊

(ဂ) ပြည့်စုံမှန်ကန်မှုမရှိပါက ပြန်လည်ပြင်ဆင်တင်ပြရန် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် ပြန်လည်ပေးပို့ခြင်း၊


(ဃ) ပြည့်စုံမှန်ကန်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီ အစည်းအဝေးသို့ တင်ပြ၍ အဖွဲ့ဝင်များ၏ အတည်ပြုချက်ရယူခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီ အဖွဲ့ဝင်များက အတည်ပြုခွင့်ပြုထားသည့် လျှောက်ထားသူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခွင့်ပြုပါရန် အမှုဆောင်ကော်မတီမှတစ်ဆင့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီသို့ တင်ပြခြင်း၊

(စ) ကောင်စီ သို့မဟုတ် အမှုဆောင်ကော်မတီက ခွင့်ပြုပြီးသည့် လျှောက်ထားသူများကို မှတ်ပုံတင်အရာရှိသည် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် အတည်ပြုခြင်း၊

(ဆ) မှတ်ပုံတင်အရာရှိမှ အတည်ပြုပြီးပါက လျှောက်ထားသူများသည် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူခြင်း။

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်



၃။ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ **တစ်နှစ်** ဖြစ်၍ သတ်မှတ်ကာလမကုန်ဆုံးမီ သက်တမ်းတိုးရမည်ဖြစ်ပြီး သက်တမ်းတိုးခြင်းမရှိပါက တစ်နှစ်ပြည့်သည့်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့်ကာလအတွင်း မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ တစ်လအလိုတွင် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် အကြောင်းကြားစာ ပေးပို့မည်ဖြစ်ပြီး သတ်မှတ်အခကြေးငွေကိုပေးသွင်း၍ လျှောက်လွှာပုံစံ-တ-၀၄(P-04) ကို တင်ပြပါက ကောင်စီကိုယ်စား မှတ်ပုံတင်အရာရှိက မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးမည်ဖြစ်သည်။

၄။ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ် လျှောက်လွှာနှင့် စပ်လျဉ်း၍ အခကြေးငွေပေးသွင်းရာတွင် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် MPU Card ၊ Master Card နှင့် Visa Card များကို အသုံးပြု၍ ပေးသွင်းရမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်ရှိ မှတ်ပုံတင်အရာရှိ၏အကောင့်တွင် ရယူထားမည်ဖြစ်ပါသည်။

၅။ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

( သာဌေး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၃၅ / ပတခ (၁၁၆/၂၀၂၅)
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

တရားလွှတ်တော်ရှေ့နေများကောင်စီ

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။